မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
P.O. Box 144, Mae Sod Post Office, Tak Province 63110, Thailand; Tel/Fax (66) 055-542910
E-mail: blcsan@ksc.th.com; Website: www.blc-burma.org

# (၁၂၈)ကြိမ်မြောက် ကမ္ဘာ့အလုပ်သမားနေ့အားဂုဏ်ပြုသောအားဖြင့် ၂၀၀၈ ခုနှစ်၊ မေလ (၁၀) ရက်နေ့တွင်ကျင်းပမည့် ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေးပြည်လုံးကျွတ်ဆန္ဒခံယူပွဲ၌ မြန်မာရွှေ့ပြောင်းအလုပ်သမားများလည်း ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေး ထုတ်ပြန်ကြေငြာချက်

၁။ ၂၀၀၈ ခုနှစ်၊ မေလ(၁)ရက်နေ့တွင် ကျရောက်မည့် မေဒေးနေ့(ကမ္ဘာ့အလုပ်သမားနေ့)သည် ကမ္ဘာတဝှမ်းလုံးရှိ အလုပ်သမားအပေါင်းတို့အတွက် နေ့ထူးနေ့မြတ်ဖြစ်သော နေ့တစ်နေ့ဖြစ်ပါသည်။ တကမ္ဘာလုံးမှာရှိကြသည့် အလုပ်သမားသမဂ္ဂများနှင့် အလုပ်သမားအဖွဲ့အစည်းအသီးသီးတို့မှ အလုပ်သမားအပေါင်းတို့သည် မေလ(၁)ရက်နေ့ရောက်တိုင်း မေဒေးနေ့ကို ဂုဏ်ပြုလာခဲ့သည်မှာ ယခုဆိုလျှင် (၁၂၈)ကြိမ်မြောက်သို့ ရောက်ရှိလာခဲ့ပြီးဖြစ်ပါသည်။

၂။ (၁၈)ရာစုနှောင်းပိုင်းမှစတင်၍ ကမ္ဘာ့ပေါ်ရှိအလုပ်သမားများသည် တနေ့အလုပ်ချိန်(၁၄)နာရီမှ နာရီ(၂၀)ထိ မနားမနေအလုပ်လုပ်ကြရပါသည်။ အလုပ်သမားများရသင့်ရထိုက်သောအခွင့်အရေးများ ရှုံးဆုံးခဲ့ရပါသည်။ လုပ်ငန်းရှင်များနှင့် အရင်းရှင်အစိုးရတို့၏ မတရားခေါင်းပုံဖြတ်မှုများကို အလူးအလဲခံခဲ့ရပါသည်။ နောက်ဆုံးတွင် အလုပ်သမားများ၏ ကိုယ်ပိုင်အခွင့်အရေးကိုပါ ထိခိုက်လာသည့်အဖြစ်သို့ ရောက်ရှိလာပါသည်။ ဤကဲ့သို့ ကိုယ်ပိုင်အခွင့်အရေးများပါ ဆုံးရှုံးလာသည့်အပေါ် အလုပ်သမားများသည် တစတစပေါက်ကွဲလာခဲ့ရာ ၁၈၈၆ ခုနှစ်၊ မေလ(၁)ရက်နေ့တွင် အမေရိကန်နိုင်ငံ ချီကာဂိုမြို့ကိုအဓိကထားကာ နိုင်ငံအနှံ့ မြို့တိုင်း၊ စက်ရုံးတိုင်းတွင် အလုပ်ချိန်(၈)နာရီသတ်မှတ်ပေးရန် တောင်းဆို၍ အလုပ်သမားသပိတ်တိုက်ပွဲကြီးကို ဆင်နွှဲခဲ့ကြပါသည်။ အစိုးရအာဏာပိုင်မှ သပိတ်ဆင်နွှဲသော သန်းနှင့်ချီသည့်အလုပ်သမားများကို လက်နက်များဖြင့် ပစ်ခတ်နှိမ်နင်းခဲ့ရာ အလုပ်သမားများ၏ အသက်ပေါင်းများစွာရှုံးဆုံးခဲ့ရပါသည်။ ဤကဲ့သို့ အလုပ်သမားများ၏ အသက်ပေါင်းများစွာစတေးပြီး တနေ့တာအလုပ်ချိန်(၈)နာရီသတ်မှတ်ရေးအပြင် အလုပ်သမားများ၏ရသင့်ရထိုက်သော အခွင့်အရေးများကိုရရှိခဲ့သော မေလ(၁)ရက်နေ့(မေဒေးနေ့)သည် အလုပ်သမားလူတန်းစားတရပ်လုံးသာမက ကမ္ဘာ့လူ့အဖွဲ့အစည်း၏ တိုးတက်ဖြစ်ပေါ်မှုကို တွန်းအားပေးနိုင်ခဲ့ပါသည်။ ထို့ကြောင့်အလုပ်သမားလူတန်းစားတရပ်သည် နိုင်ငံတနိုင်ငံတွင်သာမက ကမ္ဘာ့လူ့အဖွဲ့အစည်းတွင် အလွန်အရေးပါသော အခန်းကဏ္ဍတွင်ပါဝင်လာခဲ့ပါသည်။

၃။ သို့သော်လည်း မြန်မာစစ်အစိုးရသည် ၂၀၀၈ ခုနှစ်၊ မေလ (၁၀) ရက်နေ့တွင်ကျင်းပမည့် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် သန်းဂဏန်းမကသော အရေးပါလှသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ဆန္ဒမဲပေးခွင့်မှ ချန်လှပ်ထားခဲ့ပေသည်။ လက်ရှိမြန်မာစစ်အစိုးရသည် ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကို ထုတ်ပြန်ကြေညာခဲ့ပါသည်။ ထိုဥပဒေ၏ အပိုဒ် ၁၁(ဃ)တွင် **"အောက်ဖော်ပြပါ လူပုဂ္ဂိုလ်များကို ဆန္ဒမဲပေးနိုင်သည့်စာရင်းတွင် ထည့်သွင်းခြင်းမပြုရဟူ၍လည်းကောင်း၊ အပိုဒ်ခွဲ(၄)၌ ပြည်ပသို့ တရားမဝင် ရောက်နေသူများဟူ၍လည်းကောင်း"** ဖော်ပြပါရှိသဖြင့် ထိုဥပဒေပါအချက်အရ နိုင်ငံခြားတိုင်းပြည်တွင် တရားမဝင်ရောက် ရှိနေကြသော သန်းဂဏန်းမကသည့် ရွှေ့ပြောင်းအလုပ်သမားများမှာ ဆန္ဒမဲပေးနိုင်သည့် အခွင့်အရေး ရကြတော့မည် မဟုတ်ပေ။

အထူးသဖြင့် ထိုင်းနိုင်ငံရောက် ရွှေ့ပြောင်းမြန်မာအလုပ်သမားဦးရေမှာ အလွန်များပြားလှပေသည်။ ၂၀၀၄ ခုနှစ်အရ ရွှေ့ပြောင်းအလုပ်သမား (၁,၂၈၀,၀၅၃)အနက်မှ မြန်မာအလုပ်သမား (၉၂၁,၄၈၂)မှာ ထိုင်းအလုပ်သမားဝန်ကြီးဌာနတွင် တရားဝင်မှတ်ပုံတင်ထားကြသည်။ မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (အက်(ဖ်)တီယူဘီ)၏ ရွှေ့ပြောင်းအလုပ်သမားဌာနမှ "ထိုင်းနိုင်ငံတွင်ရှိ မြန်မာအလုပ်သမားဦးရေအစစ်အမှန်မှာ မှတ်ပုံတင်ထားသည့် ဦးရေထက် အဆမတန်ပိုများပြီး ၂–သန်းခန့် ရှိကြောင်းသုတေသီအများစုကယုံကြည်ကြသည်"ဟု ဖော်ပြပါသည်။ အလုပ်သမားအများစုမှာ မကျွမ်းကျင်သူများအဖြစ် အထည်စက်ရုံ၊

လက်လီဆိုင်၊ အိမ်ဖော်အလုပ်နှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နေကြသည်။ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားအများစုသည် အကြောင်းအမျိုးမျိုးကြောင့် နယ်စပ်ကိုဖြတ်ကျော်ခြင်းဖြင့် လူဝင်မှုကြီးကြပ်ရေးဥပဒေကို ချိုးဖောက်ခဲ့ကြရပါသည်။ နအဖမှ ထုတ်ပြန်သည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေအရဆိုလျှင် ထိုရွှေ့ပြောင်းအလုပ်သမားများသည် ၎င်းတို့၏ အသက်မကလိုအပ်သော တိုင်းပြည်၏ဖွဲ့စည်းပုံအခြေခံဥပဒေအား ဆန္ဒမဲပေးနိုင်သောအခွင့်အရေးများ ဆုံးရှုံးသွား မှာဖြစ်ပါသည်။

၄။ မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် ထိုသို့သော်အခြေအနေမျိုးဖြစ်လာရသည်မှာ ၎င်းတို့ကိုယ်တိုင်တမင်ဖန်တီးမှုကြောင့် ဖြစ်ပေါ်လာရခြင်းမဟုတ်ပဲ နအဖအစိုးရ၏မူဝါဒအမှားကြောင့် ဖြစ်ပေါ်လာသောအကျိုးရလဒ်များပင် ဖြစ်ပါသည်။ ပထမအချက်အနေဖြင့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် နအဖသည် တရားဝင်ရွှေ့ပြောင်းမှုစနစ်ကို ဖန်တီးပေးမှုမရှိသည့်အပြင် မြန်မာအစိုးရနှင့်ထိုင်းအစိုးရကြားတွင် ၂၀၀၃ ခုနှစ်၊ ဇွန်လ (၂၁)ရက်က ချုပ်ဆိုသော အလုပ်သမားများခန့်ထားရေး နားလည်မှု စာချွန်လွှာကို လုံလောက်သော အကောင်အထည်ဖော်ဆောင်မှုမရှိခြင်းတို့ကြောင့်ဖြစ်ပါသည်။ ဒုတိယအချက်အနေဖြင့် အလုပ်သမားများ အစုလိုက်အပြုံလိုက်ထွက်ခွါခြင်းသည် နအဖအစိုးရတွင် အဓိက တာဝန်ရှိပေသည်။ အဘယ်ကြောင့်ဆိုသော် နအဖအစိုးရ၏ စီးပွါးရေးမူဝါဒများ မအောင်မမြင်ဖြစ်ခြင်း၊ စဉ်ဆက်မပြတ် လူ့အခွင့်အရေးချိုးဖောက်ခြင်းတို့ကြောင့် နိုင်ငံတကာ၏ စီးပွါးရေးဒါဏ်ခတ် အရေးယူပိတ်ဆို့ခံရခြင်း၊ စီးပွါးရေးစနစ်တည်ငြိမ်မှုမရှိခြင်း၊ လဒ်စားမှုများပျံ့နှံ့နေခြင်း၊ ဘက်လိုက်ခြင်းများရှိနေခြင်း၊ ငွေကြေးဖောင်းပွမှုရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးမှုမရှိခြင်း စသည့်အချက်များသည် မြန်မာအလုပ်သမားများအား ပြည်ပသို့တရားမဝင်ပို့ဆောင်ရန် တွန်းပို့နေခြင်း ဖြစ်ပေသည်။ ထို့ပြင် “မြန်မာနိုင်ငံသည် နက်ရှိုင်းစွာ အမြစ်တွယ်နေပြီး ဆိုးဝါးနေသည့်ဆင်းရဲမွဲတေမှု၊ စဉ်ဆက်မပြတ် ကျူးလွန် နေသည့် စီးပွါးရေးအခွင့်အရေးများနှင့် စီးပွါးရေးပြုပြင်ပြောင်းလဲမှု ကင်းမဲ့နေခြင်းတို့သည် ထူးခြားလှသည်” ဟု မစ္စတာပီညဲရိုး၏ သတိပေးစကားကို ကြည့်ခြင်းအားဖြင့် နိုင်ငံတကာအနေဖြင့်လည်း မြန်မာနိုင်ငံ၏ ဆင်းရဲမွဲတေခြင်းကို ကောင်းစွာအသိအမှတ်ပြုနေသည်မှာ ထင်ရှားနေပေသည်။ ၂၀၀၄ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အလုပ်ကြမ်း လုပ်သားတစ်ဦး၏ တစ်နေ့လုပ်အားခသည် (၁၄)ဘတ်မှ (၂၂)ဘတ် ရရှိချိန်၌ ထိုကဲ့သို့သောလုပ်သားသည် ထိုင်းနိုင်ငံမဲဆောက်မြို့တွင် တစ်နေ့လုပ်အားခ (၅၀) ဘတ်ခန့်ရရှိသည်ဟု အက်(ဖ်)တီယူဘီမှ သုံးသပ်ထားပါသည်။ မြန်မာနိုင်ငံတွင် လူများငတ်မွတ်နေချိန်၌ ထိုင်းနိုင်ငံတွင်မူ ငွေပိုငွေလျှံ ရှာနိုင်ပေသည်။ ထို့ကြောင့် မိသားစုစားဝတ်နေရေးအတွက် မြန်မာအလုပ်သမားများသည် ရေကြည်ရာ မြက်နုရာ အလုပ်ရှာဖွေ လုပ်ကိုင် ကြသည်မှာ သဘာဝကျပေသည်။

၅။ ထို့ကြောင့် မြန်မာရွှေ့ပြောင်းအလုပ်သမားများသည်

(၁) ပြည်ပသို့အစုလိုက်အပြုံလိုက် တရားမဝင်ထွက်ခွာရခြင်းမှာ စစ်အစိုးရ၏မူဝါဒကြောင့်သာဖြစ်ပေါ်လာရခြင်း၊

(၂) နိုင်ငံတနိုင်ငံတွင် အလုပ်သမားများ၏အခန်းကဏ္ဍသည် အရေးပါသောကြောင့် နိုင်ငံ၏ဖွဲ့စည်းပုံအတည်ပြုရေးတွင် အလုပ်သမားများ၏ ဆန္ဒကိုရယူရန်လိုအပ်ခြင်း၊

(၃) အပြည်ပြည်ဆိုင်ရာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာသဘောတူစာချုပ် အပိုဒ်(၂၅)အရ နိုင်ငံသားတိုင်းသည် အခြေခံအခွင့်အရေးအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိခြင်း၊

စသည့်အချက်များကြောင့် ၂၀၀၈ ခုနှစ်၊ မေလ (၁၀) ရက်နေ့တွင်ကျင်းပမည့် ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ၌ မြန်မာရွှေ့ပြောင်းအလုပ်သမားများလည်း ဆန္ဒမဲပေးပိုင်ခွင့်ရှိကြောင်း ထုတ်ပြန်ကြေငြာအပ်ပါသည်။

ဥပဒေအထောက်အကူပြုဌာန ၂၀၀၈ ခုနှစ်၊ မေလ (၁)ရက်
မြန်မာနိုင်ငံရှေ့နေများကောင်စီ

**အသေးစိတ်သိလိုပါလျှင် –**

ဦးမြင့်သိဏ်း၊ အုပ်ချုပ်ရေးဘုတ်အဖွဲ့ဝင်၊ မြန်မာနိုင်ငံရှေ့နေများကောင်စီ၊ ဖုန်း – ၀၈၇ ၈၀၈၃ ၅၅၂